# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၄ နှစ်ပြည့် မွေးနေ့တွင်

# ဂျပန်နိုင်ငံ၏ အစိုးရဖြစ်သည့် တရားဝင်ရွေးချယ် တင်မြှောက်ခြင်းခံထားရသော

# ဂျပန်လွှတ်တော် အမတ်များမှ

# ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆု ပေးအပ်လိုက်ခြင်း

## (Democracy and Peace award)

၂၀၀၉ ခုနှစ် ဇွန်လ ၁၉ ရက် နေ့ တွင် ဂျပန် နိုင် ငံ အာဏာရ ပါတီ အပါအဝင် ပါတီအသီးသီးမှ လွှတ်တော်အမတ်များ ပါဝင် ဖွဲ့စည်းထားသည့် မြန်မာ့ဒီမိုကရေစီအရေး ကူညီဆောင်ရွက်ပေးနေသည့် လွှတ်တော်အမတ်များသမဂ္ဂမှ နအဖ စစ်အုပ်စု၏ မတရားဖမ်းဆီးခြင်းခံထားရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ ၆၄ နှစ်ပြည့်မွေးနေ့တွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခဲ့ပါသည်။

ယခုလို ဂျပန်အစိုးရ၏ လက်ရှိအာဏာရပါတီ LIBERAL PARTY မှ ပါလီမန်ရေးရာကော်မတီ၏ ဥက္ကဌ တစ်ဦးလည်းဖြစ်ပြီး မြန်မာ့ဒီမိုကရေစီအရေး ကူညီဆောင်ရွက်ပေးနေသည့် လွှတ်တော်အမတ် သမဂ္ဂ (The Diet Menbers` League In Support Of Democracy In Myanmar)၏ ဥက္ကဌ Mr TADA MORI OSHIMA ကိုယ်တိုင် ချီးမြှင့်ပေးအပ်ခဲ့သည်။

၎င်းဆုကိုမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲ၏ ဥက္ကဌ ဦးသန့်ဇင်ဦးမှ ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား လက်ခံရယူခဲ့ပါသည်။ ယင်းဆုပေးအပ်ပွဲ အခမ်းအနားသို့ ဂျပန်နိုင်ငံအစိုးရ၏ နိုင်ငံရေးပါတီများဖြစ်ကြသော လက်ရှိအာဏာရပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၊ အတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီ ဂျပန်၏ New Kometo ပါတီ၊ ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ်များနှင့် တသီးပုဂ္ဂလ ရွေးချယ်တင်မြှောက်ခြင်း ခံထားရသော အမတ်များလည်း တက်ရောက်ခဲ့ပြီး မြန်မာ့ ဒီမိုကရေစီအရေးကို အားပေးကူညီခဲ့သော အဖွဲ့အစည်းများဖြစ်သည့် RINGO အလုပ်သမားသမဂ္ဂမှ ဦးဆောင် ညွှန်ကြားရေးမှူး Mr. MASAYUKI SHIOTA SAN နှင့် မြန်မာ့ရေးရာ ပြည်သူ့အဖွဲ့ PFB မှ တာဝန်ရှိသူများအပြင် ဂျပန်နိုင်ငံအတွင်းရှိ မြန်မာ့ဒီမိုကရေစီအရေးကို တောင်းဆိုတိုက်ပွဲဝင်နေသော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ဆုချီးမြှင့်သော ပါလီမန်ရေးရာကော်မတီ၏ ဥက္ကဌ Mr TADA MORI OSHIMA မှ နေ၍ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ယခုလို ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ရခြင်းမှာမြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အနှစ်၂၀ ကျော်ကာလအတွင်း ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးတို့အတွက် အရှုံးမပေးပဲ ကြံ့ကြံ့ခံ တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသော ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓါတ်အပေါ် လေးစားဂုဏ်ပြုသောအားဖြင့် ပေးအပ်လိုက်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံလွှတ်တော်သမိုင်းတွင် ပထမဦးဆုံးအကြိမ် ပေးအပ်ဂုဏ်ပြုသောဆု ဖြစ်ကြောင်းကိုလည်း ပြောကြားလျက် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူတူ ကျနော်တို့လည်း ရှိနေပါတယ်။ မြန်မာ့ဒီမိုကရေစီအရေးအတွက် အကြမ်းမဖက် ငြိမ်းချမ်းတဲ့နည်းနှင့် ကျိုးပမ်းဆောင်ရွက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုချီးကျူးရင်းနဲ့ အထိုက်တန်ဆုံးဖြစ်သော ဒီမိုကရေစီနှင့်

လူ့အခွင့်ရေးဆု (Democracy and Peace award) ကို သူတို့မှ ချီးမြှင့်လိုက်ပါတယ်ဟု ပြောကြားပြီး အခုလို ဆုချီးမြှင့်လိုက်ပါတယ်ဟု ပြောကြားသွားခဲ့ပါသည်။

ထိုဆုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲ၏ ဥက္ကဋ္ဌဖြစ်သူ ဦးသန့်ဇင်ဦးမှနေ၍ လက်ခံရယူပြီး လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်လွတ်တော်မှ ယခုလို ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးဆု ချီးမြှင့်လိုက်ခြင်းကို အများကြီးကျေးဇူးတင်ရှိကြောင်း ကျွန်တော့်အနေဖြင့် ယခုအချိန်တွင် မတရားသဖြင့် အဖမ်းအဆီးခံထားရသော မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဒီဆုကို လက်ခံရယူခြင်းအတွက် များစွာ ဂမ်းမြောက်ဂုဏ်ယူပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ကျေးဇူးတင်ရှိပါတယ်ဟု ပြောကြားလိုက်ပါတယ်။ ထို့အပြင် ဂျပန်လွှတ်တော်အမတ်သမဂ္ဂအားလည်း ယခုလို မြန်မာ့ဒီမိုကရေစီအရေးကို တစိုက်မတ်မတ် ကူညီဆောင်ရွက်ပေးနေတာကို အထူးပဲကျေးဇူးတင်ရှိပြီး မြန်မာ့ဒီမိုကရေစီ ရရှိသည်အထိ ကူညီဆောင်ရွက်ပေးပါမယ်လို့ မျှော်လင့်မိပါတယ်။ ဒါ့အပြင် မြန်မာပြည်ဒီမိုကရေစီ ရရှိသည်အထိလည်း ဆုံးခမ်းတိုင်အောင် ဆက်လက်ပြီး ကူညီ ဆောင်ရွက်ပေးပါရန်ကိုလည်း ထပ်ဆင့်ပြီး အထူးမေတ္တာရပ်ခံအပ်ပါတယ်လို့ ပြောကြားသွားခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲ သတင်းနှင့်ပြန်ကြားရေး
သတင်း စိုးအောင်ဝင်း

……………………..